myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 30, 2019 Volume 22, Number 21

**၃၀.၈.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၂၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၅၄၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၀/ကျပ် |
| CBM Rate | = ၁၅၂၁.၇/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၀.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၆.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၅၂.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၉.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၂.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၂.၉၀ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၂၈၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၅.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၁.၀၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၇၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကမ္ဘာ့ရွှေဈေးနှုန်း ဒေါ်လာ ၁၅၅၀ ဝန်းကျင်အထိ ဆက်တက်ခဲ့ပြီး ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၂၆၃၀၀၀ ဝန်းကျင်အထိ စံချိန်တင်ဆက်လက်မြင့်တက်



ကမ္ဘာ့ရွှေဈေးနှုန်းသည် ဩဂုတ် ၂၉ ရက်တွင် ၁၅၅၀ ဒေါ်လာဝန်းကျင်အထိ ဆက်တက်ပြီး ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၂၆၃၀၀၀ ဝန်းကျင်အထိ စံချိန်တင် ဆက်လက်မြင့်တက်ခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။ ၂၀၁၆ ခုနှစ်မှ စ၍ ၂၀၁၉ ခုနှစ်အထိ ပြည်တွင်း ရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊၂၀၁၉ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် ၁၂၆၃၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး လက်ရှိအချိန်တွင် ကျပ် ၁၂၆၀၀၀၀ ကျော်အထိ မြင့်တက်လာခြင်းဖြစ်သည်။ ပြည်တွင်းရွှေဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀ ဖြင့် ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များ ဆက်တိုက်တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၁၀၆၃၀၀၀ အထိဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေဈေးများ ဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်တွင် ကျပ် ၁၁၀၁၀၀၀ အထိ၊ ဇူလိုင် ၁၁ ရက်တွင် ကျပ် ၁၁၃၆၀၀၀ အထိ၊ ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀ အထိ မြင့်တက်ခဲ့သည်။ ဩဂုတ်လအတွင်းတွင်လည်း စံချိန်သစ်များ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၃ ရက်တွင် ကျပ် ၁၁၅၄၉၀၀၊ ဩဂုတ် ၇ ရက်တွင် ကျပ် ၁၂၀၃၀၀၀၊ ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ဩဂုတ် ၂၆ ရက်တွင် ကျပ် ၁၂၄၉၀၀၀၊ ဩဂုတ် ၂၈ ရက်တွင် ကျပ် ၁၂၅၂၀၀၀၊ ဩဂုတ် ၂၉ ရက်တွင် ကျပ် ၁၂၆၃၀၀၀ အထိ စံချိန်သစ်များ တင်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ခြောက်လအတွင်း လအလိုက်အနိမ့်ဆုံးနှင့် အမြင့်ဆုံး ရွှေဈေးနှုန်းများမှာ ဖေဖော်ဝါရီလအတွင်း ကျပ် ၁၀၆၁၀၀၀–၁၀၈၈၅၀၀၊ မတ်လအတွင်း ကျပ် ၁၀၄၂၅၀၀–၁၀၇၂၀၀၀၊ ဧပြီလအတွင်း ကျပ် ၁၀၃၆၀၀၀–၁၀၅၅၀၀၀၊ မေလအတွင်း ကျပ် ၁၀၃၆၀၀၀ –၁၀၅၉၀၀၀၊ ဇွန်လ အတွင်း ကျပ် ၁၀၅၆၀၀၀ –

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

၁၁၃၀၀၀၀၊ ဇူလိုင်လအတွင်း ကျပ် ၁၀၉၇၀၀၀ -၁၁၅၀၀၀၀ တို့ဖြစ်သည်။

ကမ္ဘာ့ရွှေဈေးနှုန်းကို ပြန်ကြည့်ပါက ၂၀၁၇ ခုနှစ် ဧပြီလမှစ၍ အတက်အဆင်းကြမ်းလျက်ရှိပြီး လတစ်လအတွင်း အမြင့်ဆုံးနှင့်အနိမ့်ဆုံးနှုန်းသည် ဒေါ်လာ ၃၀ ခန့်မှ ဒေါ်လာ ၇၀ ခန့်အထိကွာခြားခဲ့သည်။ လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် ၁၂၇၈-၁၃၂၅ ဒေါ်လာ၊ ဖေဖော်ဝါရီတွင် ၁၃၀၇-၁၃၄၃ ဒေါ်လာ၊ မတ်တွင် ၁၂၉၂- ၁၃၂၂ ဒေါ်လာ၊ ဧပြီတွင် ၁၂၆၉-၁၃၀၉ ဒေါ်လာ၊ မေတွင် ၁၂၇၀-၁၃၀၆ ဒေါ်လာ၊ ဇွန်တွင် ၁၃၀၅-၁၄၂၃ ဒေါ်လာ၊ ဇူလိုင်တွင် ၁၃၈၂-၁၄၄၅ ဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး ကွာဟချက်ဒေါ်လာ ၃၀ ဝန်းကျင်မှ ဒေါ်လာ ၁၀၀ ကျော် အထိရှိခဲ့သည်။

**Source:** https://news-eleven.com/article/131322

## ၂၀၁၉ ခုနှစ် ရှစ်လဝန်းကျင်အတွင်း စက်သုံးဆီဆိုင် ၁၈၀ ခန့်ခွင့်ပြုခဲ့ပြီး တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကစက်သုံးဆီဆိုင်ပေါင်း ၂၅၆၆ ဆိုင်အထိရှိလာ



၂၀၁၉ ခုနှစ် ရှစ်လဝန်းကျင်အတွင်း စက်သုံးဆီဆိုင် ၁၈၀ နီးပါး ခွင့်ပြုခဲ့ပြီး တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကစက်သုံးဆီဆိုင်ပေါင်း ၂၅၆၆ ဆိုင်အထိ ရှိလာကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ စက်သုံးဆီဖြန့်ဖြူး ရောင်းချခွင့်လိုင်စင်ထုတ်ပေးထားသော စာရင်းများအရသိရသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ ပုဂ္ဂလိက စက်သုံးဆီဆိုင် ၂၃၈၉ ဆိုင်ခွင့်ပြုထားရာမှ ၂၀၁၉ ခုနှစ် ဩဂုတ် ၂၆ ရက်စာရင်းများအရ စက်သုံးဆီဆိုင်ပေါင်း ၂၅၆၆ ဆိုင်အထိခွင့်ပြုခဲ့ရာ ရှစ်လနီးပါးအတွင်း စက်သုံးဆီဆိုင် ၁၇၇ ဆိုင်လိုင်စင်ထုတ်ပေးခဲ့ခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ် ဩဂုတ် ၂၆ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အများအလိုက် စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ထုတ်ပေးထားသော စက်သုံးဆီဆိုင်များမှာ ပြည်ထောင်စု နယ်မြေတွင် ၉၃ ဆိုင်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၈၃ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် ၆၃၁ ဆိုင်၊ ဧရာဝတီတိုင်း ဒေသကြီးတွင် ၂၁၄ ဆိုင်၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၅၆ ဆိုင်၊ မကွေးတိုင်းဒေသကြီးတွင် ၁၇၆ ဆိုင်၊ စစ်ကိုင်းတိုင်း ဒေသကြီးတွင် ၂၂၀ ဆိုင်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၂၈ ဆိုင်၊ ကချင်ပြည်နယ်တွင် ၁၀၈ ဆိုင်၊ ကယား ပြည်နယ်တွင် ၁၇ ဆိုင်၊ ကရင်ပြည်နယ်တွင် ၅၀၊ ချင်းပြည်နယ်တွင် လေးဆိုင်၊ မွန်ပြည်နယ်တွင် ၁၂၉ ဆိုင်၊ ရခိုင်ပြည်နယ်တွင် ၃၈ ဆိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ၅၇ ဆိုင်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၉၂ ဆိုင်၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁၇၀ ဆိုင်တို့ဖြစ်သည်။

ဩဂုတ် ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ စက်သုံးဆီဆိုင်အချို့တွင် ရောင်းချနေသောဈေးနှုန်းမှာ ဒီဇယ်တစ်လီတာ ၈၇၅ ကျပ် (တစ်ဂါလန် ၃၉၇၇ ကျပ်)၊ ပရီမီယံဒီဇယ်တစ်လီတာ ၈၈၅ ကျပ် (တစ်ဂါလန် ၄၀၂၃ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၇၈၀ ကျပ် (တစ်ဂါလန် ၃၅၄၅ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၈၇၀ ကျပ် (တစ်ဂါလန် ၃၉၅၅ ကျပ်) ဖြစ်သည်။

လက်ရှိဘဏ္ဍာနှစ် ဆယ်လကျော်တွင် ပြည်ပမှ စက်သုံးဆီတန်ချိန် ၄ ဒသမ ၆ သန်း ကျော်တင်သွင်းမှု ဒေါ်လာ ၂ ဒသမ ၇ ဘီလျံ ကျော်ရှိသော်လည်း ယခင်နှစ်ကာလတူထက် တင်သွင်းမှု တန်ချိန် ၄၄၀၀၀၀ ကျော်နှင့် ဒေါ်လာသန်း ၃၂၀ ကျော် လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဩဂုတ် ၂ ရက်အထိ ပြည်ပမှ စက်သုံးဆီတန်ချိန် ၄ ဒသမ ၆၄၇ သန်းကျော် တင်သွင်း ထားပြီး တန်ဖိုး ဒေါ်လာ ၂ ဒသမ ၇၅၇ ဘီလျံအထိရှိသည်။ ယခင်နှစ်ကာလတူတွင် တန်ချိန် ၅ ဒသမ ၀၉၁ သန်းကျော် တင်သွင်းထားပြီး တန်ဖိုး ဒေါ်လာ ၃ ဒသမ ၀၈၃ ဘီလျံအထိရှိသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ဆယ်လကျော်တွင် ပြည်ပမှစက်သုံးဆီတင်သွင်းမှုသည် ယခင်နှစ်ကာလတူထက် တန်ချိန် ၄၄၄၃၅၉ လျော့ကျခဲ့ပြီး တန်ဖိုး ဒေါ်လာ ၃၂၆ ဒသမ ၃၃၈ သန်းလျော့ကျခဲ့ခြင်းဖြစ်သည်။

လက်ရှိဘဏ္ဍာနှစ် ဆယ်လကျော်တွင် ဒီဇယ်တန်ချိန် ၂ ဒသမ ၈၈၈ သန်း တင်သွင်းထားပြီး တန်ဖိုး ဒေါ်လာ ၁ ဒသမ ၆၈၆ ဘီလျံရှိပြီး ယခင်နှစ်ကာလတူထက် တန်ချိန် ၆၂၀၆၅၇ လျော့ကျခဲ့ပြီး တန်ဖိုးဒေါ်လာ ၃၄၆ သန်းကျော် လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ထို့အတူ ဓာတ်ဆီ တန်ချိန်၁ဒသမ ၇၅၈ သန်း တင်သွင်းထားပြီး တန်ဖိုးဒေါ်လာ တစ်ဘီလျံကျော်ရှိပြီး ယခင်နှစ်ကာလတူထက် တန်ချိန် ၁၇၈၄၉၈ ပိုမိုတင်သွင်း ထားပြီး တန်ဖိုးဒေါ်လာ ၁၉ သန်းကျော် ပိုမိုတင်သွင်းထားကြောင်းသိရသည်။

**Source:** https://news-eleven.com/article/131370

## ယူနန်ကုန်သွယ်ရေးမူဝါဒ အပြောင်းအလဲကြောင့် မူဆယ်တွင် ငါးလခန့်ပိတ်မိနေသော သကြားများ ဈေးကွက်ထွက်ပေါက်ရ

မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ သကြားတင်သွင်းရောင်းချခွင့် ငါးလခန့်ရပ်တန့်နေခြင်းကို ဩဂုတ်လကုန်၌ တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရက ဖြေလျှော့ပေးခဲ့သည်။ ထိုသို့ယူနန်ပြည်နယ်၏ သွင်းကုန်မူဝါဒအပြောင်းအလဲကြောင့် စက်တင်ဘာ ၁ ရက်ကစတင်ပြီး မြန်မာ့သကြားများကို မူဆယ်နယ်စပ်မှ တရားဝင်ရောင်းချနိုင်မည်ဟု မြန်မာကုန်သည်အချို့ကပြောသည်။ ပါမစ်ရတဲ့ တရုတ်ကုန်သည်တွေက ဈေးနှိမ်ပြီး စပြီးတော့ဝယ်လာပြီဟု မူဆယ်နယ်စပ်ရှိ ဆန်နှင့်သကြား ကုန်သည် ဦးမင်းသိန်းကပြောသည်။ ထိုအခြေအနေတွင် သွင်းကုန်ခွင့်ပြုမိန့်ရထားသည့် တရုတ်ကုန်သည်အချို့က မူဆယ်၌ ပိတ်မိနေသော မြန်မာ့သကြားများကို ဈေးလျှော့ဝယ်ရန် ကြိုးစားမှုများလည်းရှိကြောင်း ၎င်းကပြောကြားသည်။ သို့သော် လက်ရှိတွင် မူဆယ်၊ မန္တလေးပြည်ထောင်စုလမ်းမအနီး တိုက်ပွဲများဖြစ်နေပြီး တရုတ်နိုင်ငံနှင့်နယ်စပ်ကုန်သွယ်မှု ရပ်တန့်လု နီးပါးဖြစ်နေချိန်၌ ယူနန်ပြည်နယ်၏ တရားဝင်သကြားတင်သွင်းခွင့်ပြုခြင်းက ကုန်သည်များအတွက် ဝမ်းသာစရာသတင်း ကောင်းတစ်ခုဖြစ်နေကြောင်း ဦးမင်းသိန်းကပြောသည်။

ပြီးခဲ့သည့် ၂၀၁၇ - ၁၈ ဘဏ္ဍာနှစ်က မြန်မာနိုင်ငံမှ သကြားတန်ချိန်လေးသန်းကျော်အထိ တင်သွင်းနိုင်ခဲ့သော်လည်း ယခုနှစ် မတ်လကစ၍ တရုတ်နိုင်ငံက တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအကြောင်းပြကာ သကြားအဝယ်ရပ်ခဲ့သည်။ ထို့ကြောင့် မူဆယ်နယ်စပ်သို့ ရောက်ပြီးဖြစ်သည့် သကြား အိတ်ရေ ၂၂ သိန်း (တန်ချိန် ၁ ဒသမ ၁ သိန်း) ကျန်ရှိနေခဲ့သည်ဟု မူဆယ်မြို့မှ သကြားကုန်သည် ချို့က ပြာကြသည်။ ယခုပြန်လည်ခွင့်ပြုချိန်တွင် မူဆယ်၌ သကြားတစ်အိတ်ဈေးနှုန်း ၁၄၁ မှ ၁၄၅ ယွမ် (ကျပ် ၃၀၅၀၀ မှ ကျပ် ၃၁၀၀၀ ခန့်) ဈေးဖွင့်ထားသည်။ လက်ရှိ မူဆယ်နယ်စပ်မှ ယူနန်ပြည်နယ်၏ခွင့်ပြုချက်ဖြင့် တစ်ရက်လျှင် ဆန်တန်ချိန်နှစ်ထောင်ခန့် ရောင်းချနေရသည်ဟု ကုန်သည်အချို့ကပြောကြားသည်။

**Source:** https://www.7daydaily.com/story/164928

## ကုန်သွယ်ရေးစစ် အရှိန်မြင့်နေချိန် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေက ထိုင်းကိုအာရုံစိုက် စောင့်ကြည့်နေဟုဆို

လက်ရှိ အမေရိကန်နဲ့ တရုတ်အကြား ကုန်သွယ်ရေးစစ်က မပြီးဆုံးသေးဘဲ ဆက်လက်အရှိန်မြင့်လာနေလျက်ရှိစဉ်မှာပဲ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေကတော့ ထိုင်းနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ အထူးအလေးထား စောင့်ကြည့်စိတ်ဝင် စားမှုတွေရှိနေကြောင်း အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌနဲ့ စီအီးအို Alexander Feldman က ပြောပါ တယ်။ ထိုင်းနိုင်ငံမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံခြင်းက ရေရှည် trend တစ်ခုရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း Feldman ကဆိုပါတယ်။အမေရိကန်သမ္မတ Donald Trump က တရုတ်အပေါ် ထပ်တိုးအခွန်တွေ စတင်မကောက်ခင် ၂၀၁၇ ခုနှစ် မေလက အမေရိကန်မော်တော်ဆိုင်ကယ်ထုတ်ကုမ္ပဏီ Harley Davidson ဆိုရင် ထိုင်းမှာယင်းရဲ့ ထုတ်လုပ်မှု တွေကို စတင်ရွှေ့ပြောင်းထားခဲ့ကြောင်း ၎င်းကပြောသွားပါတယ်။

ကုန်သွယ်ရေးစစ်အတွင်းမှာ ကုမ္ပဏီတွေဟာ အခွန်ရှောင်ဖို့အတွက် တရုတ်ကနေလုပ်ငန်းတွေပြောင်းရွှေ့ထွက်ခွာကြဖို့ ရှိစဉ် ဗီယက်နမ်ဟာ အကျိုးအမြတ်အများဆုံးရနိုင်မယ့် နိုင်ငံတစ်ခုအဖြစ် မကြာခဏရှုမြင်ခံထားခဲ့ရပါတယ်။ ဒါပေမယ့် လည်း ဗီယက်နမ်ရဲ့ အလုပ်သမားဈေးကွက်ကတော့ တင်းကျပ်မှုတွေရှိနေတာကြောင့် လုပ်ငန်းကုမ္ပဏီတွေအနေနဲ့ ဗီယက်နမ်ထက်စာရင် ထိုင်းအပါအဝင် အခြားသော အာရှနိုင်ငံတွေဘက်ကို ထုတ်လုပ်မှုတွေပြောင်းရွှေ့ဖို့ လက်ရှိမှာ စိတ်ဝင်စားနေကြောင်း Feldman က ပြောသွားခဲ့ပါတယ်။

**Source:** https://www.cnbc.com/…/us-china-trade-war-companies-looking…

SFJ Strategy First Journal

## ယခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၂ သန်းခွဲဝန်းကျင်သာ တင်ပို့နိုင်မည်

တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေရသည့် နယ်စပ်မှဆန်တင်ပို့မှုအခက်အခဲရှိသည့်အတွက် ပြည်ပသို့ ဆန်တန်ချိန် ၂ သန်းခွဲဝန်းကျင်သာ တင်ပို့နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသတင်းရရှိသည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးထုတ်လုပ်သည့် ဆန်စပါး ၉၀ ရာခိုင်နှုန်းခန့်ကို ပြည်တွင်း၌ စားသုံးပြီး ၁၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့တင်ပို့နေခြင်း ဖြစ်သည်။ နှစ်စဉ် ပြည်ပသို့ဆန်တန်ချိန် ၂ သန်းနှင့် ၂ သန်းခွဲကြား တင်ပို့နေရကြောင်းသိရသည်။

အရင်နှစ်က ၂ ဒသမ ၄ သန်း၊ ဒီနှစ်ကတော့ ၂ဒသမ၄၊ ၂ဒသမ၅ လောက်ကတော့ နှစ်စဉ်နှစ်တိုင်း တင်ပို့နေရမှာပါ။ နယ်စပ်

မှာတော့ ၁ဒသမ၅ မီလီယံလောက်ထွက်တာကနေ ပြီးခဲ့တဲ့နှစ်ကစလို့ ၉၀ ရာခိုင်နှုန်းလောက် ပြုတ်ကျသွားတဲ့အတွက် Normal Trade ကို ပြောင်းရတော့ ၃ဒသမ၆ သန်းကနေ လျော့သွားရတာပေါ့။ ပြည်တွင်းမှာ စပါးလက်ကျန် ကျန်နေသေးတာတွေ့ရတယ်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ အထွေထွေအတွင်းရေးမှူး၊ ဦးလှူမော်မြင့်မောင်ကပြောသည်။

လက်ရှိတွင် ကမ္ဘာ့ဆန်ဈေးကွက်၌ ဝယ်လိုအားကျဆင်းနေကြောင်း မြန်မာနိုင်ငံနှင့် အဓိက ဆန်စပါးစိုက်ပျိုး ထုတ်လုပ်သည့် ပြိုင်ဘက်နိုင်ငံများဖြစ်ကြသော ထိုင်း၊ အိန္ဒိယ၊ ဗီယက်နမ်၊ ကမ္ဘောဒီယားနိုင်ငံတို့ အပါအဝင် အာရှတိုက် တစ်ဝန်းလုံးတွင် လာမည့် နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ဆန်များထွက်ပေါ်တတ်ကြောင်းသိရသည်။ တရုတ်ကတော့ နဂိုကတည်းက နယ်စပ်ကုန်သွယ်ရေးနဲ့ပတ်သက်ရင် တော်တော်ပြဿနာရှိတာကြောင့် ပုံမှန်ကုန်သွယ်ရေးလုပ်ဖို့ ကုန်သည်တွေကို ကျွန်တော်တို့တိုက်တွန်းတယ်။ ဒါပေမယ့် ခက်တာက သူတို့အမြင်က သူတို့ကိုလက်ဝါးကြီးအုပ်မယ်လို့မြင်ကြတယ်။ ဒါကို ကျွန်တော်တို့ကြိုးစားရင်းနဲ့ ရှင်းလို့မရတာပေါ့ဟု မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောသည်။ ကမ္ဘာ့ဆန်ဈေးကွက်အတွင်းမှာလည်း စားသုံးသူများ ဆန်စားသုံးမှုပုံစံပြောင်းလဲလာသည့်အတွက် ဆန်ဝယ်လိုအား ပုံစံပြောင်းလာကြောင်း၊ ယင်းအတွက် ဈေးကွက်မှဝယ်လိုအားရှိသည့် ဆန်ရရှိရန်အတွက် ကြိတ်ခွဲနိုင်သော ဆန်စက်အခြေခံအဆောက်အအုံများ နည်းပါးသည့်အတွက် ပြည်ပသို့တင်ပို့နိုင်မှု အခက်အခဲဖြစ်နေကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2410415575710591?__tn__=K-R

## ဗီယက်နမ် စိုက်ပျိုး၊ သစ်တောနှင့် ပင်လယ်စာ ပြည်ပတင်ပို့မှု ရှစ်လအတွင်း ဒေါ်လာ ၂၆ ဘီလီယံရရှိ



ဗီယက်နမ်သည် ယခုနှစ် ပထမရှစ်လအတွင်း စိုက်ပျိုးရေး၊ သစ်တောနှင့် ပင်လယ်စာထုတ်ကုန်များ ပြည်ပတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၆ ဘီလီယံ ရရှိခဲ့ကြောင်းသိရသည်။ နှစ်အလိုက်တိုးတက်မှု ၁ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည်။ ကော်ဖီ၊ ရာဘာ၊ ဆန်၊ ဟင်းသီးဟင်းရွက်၊ ပုဇွန်၊ ပန်ဂါဆီးယပ်စ်ငါး၊ သစ်သားနှင့် သစ်ထုတ်ကုန်တို့ကပင် အနည်းဆုံးဒေါ်လာ ၁ ဘီလီယံ ရရှိခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနစာရင်းကဖော်ပြသည်။ ကော်ဖီ၊ ရာဘာနှင့် ဆန်သုံးမျိုးပေါင်းလျှင် ဒေါ်လာ ၂ ဘီလီယံခန့်ဖြစ်သည်။ ရှစ်လအတွင်း ယင်းကုန်စည်အုပ်စုများမှ သွင်းကုန်တန်ဘိုးသည်ကား ဒေါ်လာ ၂၀ ဒသမ ၅ ဘီလီယံကျော်ဖြစ်ရာ ပိုငွေပြမှု ၆ ဘီလီယံဝန်းကျင်ဖြစ်သည်။ ဗီယက်နမ်စိုက်ပျိုးရေးထုတ်ကုန်များအတွက် အမေရိကန်သည် အကြီးဆုံးဈေးကွက် ဖြစ်နေဆဲဖြစ်ပြီး ၂၀ ဒသမ ၁ ရာခိုင်နှုန်းနီးပါးဖြစ်သည်။ အမေရိကန်နောက်တွင် တရုတ်၊ အီးယူ၊ အာဆီယံနှင့်ဂျပန်တို့အစဉ်လိုက်ရှိနေသည်။

စိုက်ပျိုးရေးပို့ကုန် ပြည်ပတင်ပို့မှုသည် ပိုမိုကြီးထွားလာသည့် ယှဉ်ပြိုင်မှုဖိအား၊ တိုးမြင့်လာသည့် ကုန်သွယ်ရေးအတားအဆီးများနှင့် ရင်ဆိုင်နေရကြောင်း၊ အထူးသဖြင့် တရုတ်ဈေးကွက်၌ဖြစ်ကြောင်း ဗီယက်နမ်ကသုံးသပ်ထားသည်။ အချို့အဓိကစိုက်ပျိုးရေးပို့ကုန်များ ဈေးကျမည့်အလားအလာရှိနေကြောင်းလည်းသုံးသပ်သည်။ ရာသီဥတုပူပြင်းမှု၊ ရေငန်ဝင်ရောက်မှုနှင့် အာဖရိကဝက်အပြင်းဖျားရောဂါတို့က နိုင်ငံ၏ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးဖမ်းကုန်ထုတ်လုပ်မှုကို ဆက်လက်ခြိမ်းခြောက်နေဦးမည်ဟုလည်း ခန့်မှန်းသည်။ ဝက်သားထုတ်လုပ်မှုထိခိုက်၍ ဈေးနှုန်းမြင့်တက်နိုင်ကြောင်း သုံးသပ်ပြီး တရုတ်အပါအဝင် သစ်သီးဝယ်လိုအားတိုးမြင့်သည့် ဈေးကွက်များကြောင့် ဒူးရင်းကဲ့သို့ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ဈေးနှုန်းများ တဖန်မြင့်တက်နိုင်ကြောင့်လည်းခန့်မှန်းသည်။

**Source:** https://myanmar.mmtimes.com/news/127674.html

## နာမည်ကျော်တံဆိပ်များ တုပရိုက်နှိပ်ထားသည့် ရွှေချောင်းများ ဈေးကွက်တွင်းပျံ့နှံ့နေဟုဆို



နာမည်ကျော်ရွှေထုတ်လုပ်ရေးတံဆိပ်ရိုက်ထားသည့် ရွှေချောင်းများကို တံဆိပ်အမှန်ရိုက်နှိပ်ပြီး ပစ္စည်းလည်း စစ်မှန်သောရွှေချောင်းများနှင့်ရောနှောကာ ကမ္ဘာ့ဈေးကွက်တွင်း ဖြန့်ချိမှုများရှိနေကြောင်း ရွှေသန့်စင်ရေးလုပ်ငန်းနှင့်ဘဏ်လုပ်ငန်းရှင်များက ပြောဆိုခဲ့သည်။ တံဆိပ်အတုရိုက်ထားသည့် ရွှေချောင်းများကို ခွဲခြားရန်ခက်ခဲသောကြောင့် မူးယစ်မှောင်ခိုဂိုဏ်းများနှင့်သူပုန်ခေါင်းဆောင်များအတွက် ငွေပေါက်ရလမ်းပွင့်လာခဲ့သည်။ လွန်ခဲ့သော သုံးနှစ်အတွင်း ဆွစ်ဇာလန်ရှိ ရွှေသန့်စင်လုပ်ငန်းကြီးများ၏ တံဆိပ်ရိုက်နှိပ်ထားသော်လည်း ယင်းလုပ်ငန်းကြီးများမှ ထုတ်လုပ်ထားခြင်းမရှိသည့် ဒေါ်လာ သန်း ၅၀ တန်ဖိုးရှိ ရွှေချောင်းများကို စစ်ဆေးတွေ့ရှိခဲ့ပြီးဖြစ်သည်။ ကီလိုဘားဟု ခေါ်ဆိုသည့် ရွှေချောင်း ၁၀၀၀ ခန့်ကို

တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့ရွှေလုပ်ငန်းသည် တစ်နှစ်လျှင် ရွှေချောင်း နှစ်သန်းမှ ၂ ဒသမ ၅ သန်းအထိ ထုတ်လုပ်နေသည်။ ရွှေအနည်းငယ်သာပါသည့် ဈေးပေါသတ္တုများပါဝင်သော ရွှေချောင်းများဖြန့်ချိမှုသည် ယခင်ကတည်းကရှိခဲ့သော်လည်း ယခုဖြန့်ချိလိုက်သည့် ရွှေချောင်းများမှာမူ အရည်အသွေးမှန်သော ရွှေချောင်းများဖြစ်ပြီး တံဆိပ်သာအတုဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/127678.html

## ဒေါ်လာ ၇၅ ဘီလျံတန်ဖိုးရှိ အမေရိကန်သွင်းကုန်အပေါ် တရုတ်အခွန်ငွေတိုးကောက်မှု ထရမ့်လက်တုံ့ပြန်မည်



ဒေါ်လာ ၇၅ ဘီလျံတန်ဖိုးရှိ အမေရိကန်သွင်းကုန်တွေအပေါ် တရုတ်က အခွန် တိုးမြှင့်ကောက်ခံကြောင်း ဘေဂျင်းက ကြေညာချက်ထုတ်ပြန်ပြီးနောက်မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်မှာလုပ်ကိုင်နေတဲ့ အမေရိကန်တွေအနေနဲ့ အခြားတစ်နေရာကို ချက်ချင်းရှာဖွေဖို့လိုပြီလို့ သောကြာနေ့မှာ ကြေညာခဲ့ပါတယ်။ ဒါပေမဲ့ အမေရိကန်၊ အာရှနဲ့ ဥရောပထဲက ဈေးကွက် တွေမှာတော့ အိမ်ဖြူတော်အနေနဲ့ အသေးစိတ် ညွှန်ကြားချက်တွေ ထုတ်ပြန်ခြင်းမရှိသေးဘူးလို့ ပြောကြားခဲ့ပါတယ်။

သမ္မတထရမ့်က တရုတ်ရဲ့အခွန်တိုးမြှင့်ကောက်ခံမှုအပေါ် သည်ညနေခင်းမှာပဲ လက်တုံ့ပြန်မယ်လို့ တွစ်တာပေါ်မှာ ရေးသားထားပါတယ်။ ဒီအရာဟာ အမေရိကန်ပြည်ထောင်စုအတွက် မဟာအခွင့်အလမ်းပဲလို့လည်း သူက ရေးသားထားပါတယ်။ စက်တင်ဘာ ၁ ရက်နေ့နဲ့ ဒီဇင်ဘာ ၁၅ ရက်နေ့မှာ တရုတ်သွင်းကုန်ဒေါ်လာ ၃၀၀ ဘီလျံအပေါ် အခွန် ၁၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံဖို့ စီစဉ်ထားတယ်လို့ အမေ ရိကန်ကပြောကြားခဲ့ပါတယ်။ သောကြာနေ့မှာ တရုတ်က အမေရိကန်သွင်းကုန်အပေါ် အခွန်တိုးမြှင့်ကောက်ခံမှုကြောင့် ကုန်သွယ်ရေးနဲ့နည်းပညာကြောင့်ဖြစ်ပွားနေတဲ့ တင်းမာမှုကြီး ပိုမိုနက်ရှိုင်းလာခဲ့ပါတယ်။ ကုန်သွယ်ရေးဆိုင်ရာ ပိုင်ငွေခြားနားချက်ကို ကျဉ်းမြောင်းဖို့ကြိုးပမ်းတဲ့အနေနဲ့ ဝါရှင်တန်က အခုလိုပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

အမေရိကန်ကုမ္ပဏီတွေအနေနဲ့က တရုတ်မှအပ အခြားနေရာတစ်ခုခုကို ချက်ချင်းရှာဖွေဖို့ ဒီနေရာကနေ ညွှန်ကြားချက်ထုတ်ပြန်ပါတယ်၊ ကုမ္ပဏီတွေအနေနဲ့ ဌာနေကိုပြန်ပြီး အမေရိကန်မှာ ကုန်စည်တွေကို ထုတ်လုပ်နိုင်ပါတယ်၊ တရုတ်ရဲ့အခွန်တိုးမြှင့်မှုအပေါ် ကျွန်တော့်အနေနဲ့ ဒီညနေမှာတင် လက်တုံ့ပြန်သွားမယ်လို့ သောကြာနေ့မှာ ထရမ့်ကတွစ်တာပေါ် ရေးသားထားပါတယ်။ ပုဂ္ဂလိကကုမ္ပဏီတွေအနေနဲ့ သမ္မတရဲ့ ဩဇာအာဏာကို ကိုးစားပြီး သူတို့ စီးပွားရေးလည်ပတ်မှုကို ပြောင်းလဲမယ့်အပေါ် မေးခွန်းထုတ်ခဲ့ပေမဲ့ အိမ်ဖြူတော်က ပြန်လည် ဖြေကြားခြင်း မရှိပါဘူး။ လတ်တလောမှာ ဖြစ်နိုင်ခြေအနေနဲ့ တရုတ်ရဲ့ သွင်းကုန်အားလုံးအပေါ် အခွန် ၂၅ ရာခိုင်နှုန်း တိုးမြှင့် ကောက်ခံသွားမယ်လို့ သတင်းထွက်နေပါတယ်။

**Source:** https://www.kumudranews.com/news-

## ၂၀၂၀ တွင် ပို့ကုန်အသစ်ငါးမျိုး တိုးချဲ့တင်ပို့မည်

အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၅) မှာ လက်ရှိဦးစားပေးကဏ္ဍ (၁၁) ခုအပြင် နောက်ထပ်ကဏ္ဍအသစ် (၅) မျိုးတို့ကို တိုးချဲ့ဆောင်ရွက်သွားမယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ပြောကြားခဲ့ပါတယ်။ ကဏ္ဍအသစ် (၅) ခုဖြစ်တဲ့ ကျောက်မျက်၊ လက်ဝတ်ရတနာ၊ ဒစ်ဂျစ်တယ်လ်စီးပွားရေးလုပ်ငန်း၊ သစ်သီးဝလံနဲ့လက်မှုအနုပညာပစ္စည်းထုတ်လုပ်မှုကဏ္ဍတွေကို တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်လို့ ဒုတိယဝန်ကြီးကပြောခဲ့ပါတယ်။

အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုရဲ့ လယ်ယာထွက်ကုန်သီးနှံများ ပြည်ပဈေးကွက်မပျက်ရေးဆိုင်ရာ အမေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဖြေကြားချက်များနဲ့ပေါင်းစပ်ပြီး စီးပွား/ကူးသန်း ဒုတိယဝန်ကြီးကဖြေကြားရာတွင် ပြောကြားခဲ့ခြင်းဖြစ်ပါတယ်။ လယ်ယာထွက်ကုန်သီးနှံများ ပြည်ပဈေးကွက်မပျက်ရေးနဲ့ပတ်သက်ပြီး ဆန်တင်ပို့မှုတွင် ဖိလစ်ပိုင်၊ မိုဇမ်ဘစ်၊ တရုတ်နိုင်ငံတို့နဲ့လည်းကောင်း၊ ပဲတီစိမ်းကို တရုတ်၊ ဗီယက်နမ်သို့ တင်ပို့ခွင့်များ ထပ်မံရရှိထားကြောင်း၊ မြန်မာနိုင်ငံရဲ့ ပဲတီစိမ်းတင်ပို့မှုမှ ဥရောပသမဂ္ဂက တင်သွင်းမှုရဲ့ (၈၀)

ရာခိုင်နှုန်းရရှိနေကြောင်း ဒုတိယဝန်ကြီးကပြောကြားခဲ့ပါတယ်။

ဒ့ါပြင် ပြောင်းတင်ပို့မှုမှာလည်း ဈေးကွက်သစ်အဖြစ် ထိုင်းနိုင်ငံသို့ တန်ချိန်ငါးသိန်းခွဲတင်ပို့နိုင်ခဲ့ကြောင်း၊ အထည်ချုပ်လုပ်ငန်းအနေဖြင့် ဥရောပ၊ တရုတ်၊ ဂျပန်နဲ့ အမေရိကန်ဈေးကွက်များကိုရရှိထားကြောင်း၊ ပြည်ပဈေးကွက်ခိုင်မာရေးအတွက် မိမိတို့ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်က သတ်မှတ်ထားတဲ့စံချိန်စံညွှန်းများနဲ့ ကိုက်ညီရမှာဖြစ်တာကြောင့် သီးနှံအရည်အသွေးကောင်းမွန်စေရေး၊ ဘေးအန္တရာယ်ကင်းစေရေးအတွက် ပြည်ပတင်ပို့ရန် အလားအလာကောင်းတဲ့သီးနှံ (၁၅) မျိုးကို GAP စနစ် အသုံးပြုစိုက်ပျိုးနိုင်ရန် ဘက်ပေါင်းစုံက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းလည်း ဒုတိယဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့ပါတယ်။

**Source: Xinhua**

https://www.logisticsguide.com.mm/en/industry-news/export-import/2329-imported-to-the-end-of-2020-on-the-five-new-

## နှစ် ၇၀ အတွင်း ကမ္ဘာ့အကြီးဆုံး ကုန်သွယ်မှုနိုင်ငံအဖြစ် တက်လှမ်းလာခဲ့တဲ့တရုတ်

တရုတ်တို့ရဲ့ ကုန်စည်ရောင်းဝယ်ကုန်သွယ်မှုကတော့ ပြီးခဲ့တဲ့ ဆယ်စုနှစ်ခုနှစ်စုအတွင်း အားကောင်းကောင်းနဲ့တိုးတက်ခဲ့ပါတယ်။ ဒါဟာ နိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှုတွေ၊ ဖွင့်လှစ်လုပ်ကိုင်အားထုတ်မှုတွေကြောင့်ဖြစ်ပါတယ်။ တရုတ်တို့ရဲ့ ကုန်ပစ္စည်း ကုန်သွယ်မှုပမာဏကတော့ လွန်ခဲ့တဲ့ ၁၉၅၀ ခုနှစ်က ကန်ဒေါ်လာ ၁ ဒသမ ၁၃ ဘီလီယံသာရှိခဲ့ရာကနေ ၂၀၁၈ မှာ ကန်ဒေါ်လာ ၄ ဒသမ ၆ ထရီလီယံအထိ တက်လာခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရိုက ထုတ်ပြန်ပါတယ်။ ၁၉၅၀ ကနေ ၁၉၇၇ အကြား နိုင်ငံရဲ့ပျမ်းမျှ တစ်နှစ်တာကုန်သွယ်ရေးတိုးတက်မှုက ၁၀ ရာခိုင်နှုန်းအောက်သာရှိခဲ့ရာကနေ ၁၉၇၈ ကစလို့ ပြုပြင်ပြောင်းလဲမှုတွေလုပ်ပြီးနောက် ယင်းတိုးတက်မှုဟာ ၁၄ ဒသမ ၅ ရာခိုင်နှုန်းအထိ တက်လာခဲ့ပါတယ်။

နိုင်ငံရဲ့ကုန်စည်ကုန်သွယ်မှုဟာ ၁၉၇၈ ခုနှစ်က ကမ္ဘာ့စုစုပေါင်းကုန်သွယ်မှုရဲ့ ၀ ဒသမ ၈ ရာခိုင်နှုန်းသာရှိခဲ့ရာကနေ ၂၀၁၈ မှာ ယင်းကိန်းဂဏန်းဟာ ၁၁ ဒသမ ၈ ရာခိုင်နှုန်းအထိ တက်လာခဲ့ပါတယ်။ ယင်းအတွက်ကြောင့် ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်က ပထမဆုံးအကြိမ်အဖြစ် တရုတ်ဟာ အမေရိကန်ကိုကျော်ပြီး ကမ္ဘာ့အကြီးဆုံးကုန်သွယ်မှုနိုင်ငံ ဖြစ်လာခဲ့တာဖြစ်ပါတယ်။

**Source:** http://www.xinhuanet.com/english/2019-08/27/c_138342823.htm

SFJ Strategy First Journal

## ရွှေကြိုရောင်းကြိုဝယ် မလုပ်ခြင်းအားဖြင့် ရွှေဈေးနှုန်းတည်ငြိမ်နိုင်မည်ဟုဆို

ရွှေလုပ်ငန်းရှင်များက ရွှေကြိုရောင်းကြိုဝယ်မလုပ်ခြင်းအားဖြင့် ရွှေဈေးနှုန်းတည်ငြိမ်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၏ဥက္ကဋ္ဌ ဦးကျော်ဝင်းက မဇ္ဈိမကိုပြောသည်။ ကမ္ဘာ့ရွှေဈေးအတက်အကျကြမ်းနေတဲ့အချိန်ကျတော့ ရွှေဈေးနှုန်းမတည်ငြိမ်တာက ဖြစ်လေ့ဖြစ်ထရှိတယ်။ ဈေးနှုန်းတွေ အတက်အကျများမယ်။ အဲ့တာကြောင့် အားလုံးကြိုရောင်း၊ ကြိုဝယ်မလုပ်ကြဖို့ လက်ငင်းရောင်းဝယ်ကြဖို့ မေတ္တာရပ်ခံတာပါ။ ကိုယ်နိုင်ငံကထွက်တဲ့ ရွှေ၊ ပြန်လည်သန့်စင်ပြီးထွက်တဲ့ရွှေနဲ့ တကယ့်လက်ငင်းရောင်းမယ်၊ လက်ငင်းဝယ်မယ်ဆိုရင် ဒီဈေးကွက်ပေါ်မှာ ထိခိုက်မှုမရှိဘူးလေ။ ပစ္စည်းပျက်သွားတာတို့၊ ဝယ်လို့မရတာတို့ ဒီပြဿနာတွေမရှိဘူး။ ကြိုရောင်းကြိုဝယ်လုပ်တာက ရွှေဈေးအတက်အကျပိုပြီးဖြစ်စေတယ်။ ဈေးကွက်အလှုပ်အခတ်ကို ပိုပြီးဖြစ်စေနိုင်တယ်ဟု ၄င်းကပြောသည်။

ဩဂုတ်လ ၂၉ ရက်နေ့မွန်းတည့်အချိန်တွင် ပြည်တွင်းရွှေဈေးနှုန်းသည် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁,၂၅၇,၀၀၀ ဖြစ်ပြီး ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၄၂ ဖြစ်ကြောင်း မြန်မာ နိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှသိရသည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်း တည်ငြိမ်စေရန်ရည်ရွယ်၍ ရွှေကြိုရောင်းကြိုဝယ်ကိစ္စများ မလုပ်ဘဲလက်ငင်း ရောင်းဝယ်ကြရန် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းက ရွှေလုပ်ငန်းလုပ်ငန်းရှင်များကို မေတ္တာရပ်ခံထားကြောင်းသိရသည်။ အခုကတော့ ကမ္ဘာ့ရွှေဈေးနဲ့ ပြည်တွင်းနဲ့အတူတူပဲ။ ကြိုရောင်းကြိုဝယ်လုပ်တယ်ဆိုရင် ကမ္ဘာ့ ရွှေဈေးထက် တစ်သောင်းပိုတာတို့၊ နှစ်သောင်းပိုတာတို့၊ အများကြီးပိုတာတို့ဖြစ်ပါတယ်။ အဲ့ဒါကမကောင်းဘူးပေါ့နော်။ လက်ငင်းရောင်းဝယ်မယ်ဆိုရင် နိုင်ငံတကာရွှေဈေး၊ ကမ္ဘာ့ရွှေဈေးနဲ့ ဒေါ်လာဈေးတက်လာရင် ကျွန်တော်တို့ ရွှေဈေးက သိပ်မများတော့ဘူး။ Level ဖြစ်ရင်ဖြစ်မယ်။ မဖြစ်ရင် နည်းနည်းလျော့နေမယ်။ ကမ္ဘာ့ရွှေဈေးအတက်အကျကြမ်းနေတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံမှာ အတက်အကျမကြမ်းဘဲရှိတော့ရှိမယ်၊ နည်းမယ်။ အဲ့လိုအနေအထားတွေတော့ရှိလာမှာပါဟု ဦးကျော်ဝင်းက ဆက်ပြောသည်။ ဩဂုတ်လ ၂၈ ရက်နေ့တွင် ပြည်တွင်းရွှေဈေးနှုန်းမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၅၆၀၀၀ နှင့်

ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၄၀ ကျော်ရှိခဲ့သည်။ ဩဂုတ်လ ၂၇ ရက်နေ့က ပြည်တွင်းရွှေဈေးနှုန်းသည် ကျပ် ၁၂၄၀၀၀၀ ဝန်းကျင်တွင်ရှိခဲ့ပြီး ရွှေဈေးနှုန်းသည် ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။

**Source:** http://www.mizzimaburmese.com/article/60100

## မြန်မာ့ပလောင်လက်ဖက် တရုတ်ပြပွဲကိုသွားရောက်ပြသမည်

လာမယ့်စက်တင်ဘာလအတွင်းမှာ မြန်မာ့ပလောင်လက်ဖက် တရုတ်လက်ဖက်ပြပွဲကို သွားရောက်ပြသသွားမှာဖြစ်ကြောင်း ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။ တရုတ်ပြည်မှာ မြန်မာ့လက်ဖက် ဈေးကွက်ဝင်နိုင်ဖို့အတွက် သွားရောက်ပြသတာဖြစ်ကြောင်း၊ ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ အတွင်းရေးမှူး ဦးဇော်ညွန့်ကပြောပါတယ်။ တရုတ်ပြည်ပ ပြုလုပ်ကျင်းပတဲ့ပွဲဖြစ်တာကြောင့် နိုင်ငံတကာကလည်း လက်ဖက်တွေလည်း ဝင်ရောက်ပြသသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်ကိုယ်စားပြုဖြစ်တဲ့ ပလောင်လက်ဖက်ကို လာမယ့်စက်တင်ဘာလမှာ သွားရောက်ပြသမှာပါ။ တရုတ်မှာ မြန်မာ့လက်ဖက်ဈေးကွက်လည်းဝင်နိုင်ဖို့ကို သွားရောက်ပြသမှာပါ။

မြန်မာ့လက်ဖက်ခြောက်ကို တရုတ်ပြည်ကို အဆင့်မြှင့်တင်ကာ တင်ပို့နိုင်ရန်အတွက်လည်း စီစဉ်လုပ်ဆောင်နေကြောင်း အဆိုပါအသင်းမှသိရပါတယ်။ မြန်မာ့လက်ဖက်စိုက်ဧကပေါင်း (၂၂၀၀၀) ကျော်ရှိကြောင်း ပလောင်လက်ဖက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/myanmar_tea_event_going_to_China?fbclid=IwAR0BKx T4Irk 5ES3L RghhBs-tLqs1K5bSeQu0M_qDHHrJIa_1vLhiHh9Idi4

## Thura News Views

**Factory zones hardest hit as flu outbreak kills 102**

More than one hundred people have died of H1N1 "swine flu" since the monsoon outbreak began, according to the Ministry of Health and Sports. Almost 600 people are currently being treated for the disease in government hospitals. Yangon seems to be the epicenter of the outbreak. The two factory zones, South Dagon township and Hlaingtharyar township, took the hardest hit with a combined 44 cases and 11 deaths.

Dr Ye Linn Naing, assistant director of the Yangon Region Health Department, told The Myanmar Times that despite the high death toll, the number of cases is declining. Nevertheless, this outbreak seems to be much worse than the previous swine flu outbreak in 2017. In that year, only 38 people died of the illness.

Myanmar's summer monsoon season is also its flu season, according to the WHO. The virus spreads via small, airborne water droplets and person to person contact, as people spend less time outdoors. Therefore, in closer proximity to one another and the very young and elderly are most at risk. The Ministry of Health and Sports has been ramping up efforts to contain the virus and adminis-ter vaccinations. The effort will target the pregnant and nursing women, who may be more susceptible to diseases.

**Parliament weighs raising import license fees**

Ministry of Commerce deputy minister U Aung Htoo proposed an increase of import licensing fees to the Union Parliament on August 26, citing a decrease in imported goods. The new licensing structure would raise fees from between MMK 30,000 to MMK 90,000. Currently, MMK 50,000 is the maximum import license fee, according to a Myanmar Times report.

Myanmar has gradually decreased it number of imported products and total annual value of its imports since 2017, according to World Bank data. Aung Htoo pointed out that Ministry of Commerce revenue is

MMK 313 million shy of its goal of MMK 4.16 billion for the 2018-2019 fiscal year, which ends September 30. The higher fees would help to fill the ministry's revenue gap as total imports gradually drops from China, Japan, India, Indonesia, Germany, France and Hong Kong, which are Myanmar's biggest import partners. Mineral fuels, machinery, computer parts, vehicles and fabric are among the top imported items. In 2018, Myanmar imported USD 24.2 billion worth of goods.

Aung Htoo did not discuss a timeline for the proposed fee hike, and whether or not parliament will implement it at all remains to be seen.

**Italian hotel approved for southern islands**

An Italian company has been approved to construct a USD 3.2 million hotel in Kawthaung, at the southern tip of Myanmar. According to a Myanmar Times reports, The Directorate of Investment and Company Administration (DICA) granted approval for the beachside resort to be built with a local partner, Myanmar Green Century, on Kyun Mei Gyi island.

Although Kawthaung and its surrounding beaches have only recently become viable destinations for the majority of tourists, this new investment could be a strong sign for Myanmar's tourism industry. It has shown disappointing growth in Myanmar's democratic era.

The southern peninsula in particular has drawn the interest of the public and private sectors. The industry seeks to add its pristine beaches to Myanmar's list of must-see destinations. The Department of Civil Aviation recently invited tender bids to help renovate and expand the Tanintharyi Airport. Golden Myanmar Airlines cited the development of Dawei and Kawthaung as a motivation for its plan to add more flights to southern Myanmar.

Beachside development, however, has historically seen pushback from local communities and environmental groups seeking to protect Myanmar's delicate costal ecosystems, especially mangrove forests and coral reefs. The Tanintharyi Region has already entered the environmental conversation as industrial activities, especially logging, have threatened community forests. Prospective investors will likely run into ramped-up regulations and social and environmental auditing as they seek to build more hotels and resorts on the southern coast.

**GMA buys new planes amid industry rough patch**

Golden Myanmar Airlines (GMA) has expanded its fleet to three aircraft with plans to offer more frequent flights to more destinations. In an interview with The Myanmar Times, the company's CEO U Kyaw Nyein cited rising demand from Chinese passengers and development of new tourist destinations in Dawei and Kawthaung as motivations for the expansion.

The number of annual domestic passengers has indeed risen slightly, according to data from Yangon International Airport. However, the number of western passengers has fallen, and the industry has suffered major setbacks in the last two years. Five domestic airlines–FMI Air, Asian Wings Airways, Air Mandalay, Air Bagan, Apex and FMI Air–have shuttered, and the industry has also been plagued with accidents. Indeed, the latest of these befell GMA when the nose wheel on one of its aircraft snapped upon landing. There were no injuries, but the incident caused a freeze on all outgoing flights at the Yangon International

Airport.

U Kyaw Naing said the company is banking on a projected rise in tourism numbers, although the growth of Myan-mar's tourism industry has been disappointing in the years following its transition to democracy, and the industry suffered an additional blow following the 2017 Rakhine crisis on the western border. Worse still, a recent outbreak of violence in Shan State has cut off travel to some of Myanmar's most popular destinations.

Nevertheless, GMA remains optimistic in the future of Myanmar's aviation industry as the tourism season begins. "We see an improvement in terms of passenger numbers now compared to previously. We noticed that more round-trip tickets are being bought. And there is some improvement in terms of foreign tourist numbers," U Kyaw Neyin said.

**Anthem Asia invests over USD 1 mn in local agri business**

Myanmar-focused private equity firm Anthem Asia announced on Friday it invested over USD 1 million in an early-stage agri-business Shan Orchard Myanmar Ltd. This is the first investment from its USD 50-million Myanmar SME Venture Fund. The company is based close to Heho Airport, located near the popular Inle Lake at Southern Shan State in Myanmar. Shan Orchard is an agriculture services business focusing on growing Hass avocados and processing avocado oil. The finances will be used for purchasing an avocado oil processing facility, support facilities, acquiring farmland and working capital.

Shan Orchard is also leveraging its management expertise to add value through trialing of higher-value crops. The company aims to maximize land use and improve seasonality.

Anthem Asia has 10 portfolio companies including influencer management company Piyawasa, digital agency ERA Myanmar, property marketing and management platform Thahara, serviced office space provider Hintha Business Centres, marketing agency Blink, marketing communications firm Zagar Communications, and mobile data collection platform Xavey.

**Source: Thura Swiss News (Issue 380 Aug 29, 2019**)

## STOCK EXCHANGE (30.8.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 30th Aug. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 11,500 | 12,000 | 11,500 | 2,827 | 33,774,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,100 | +0 | +0.00% | 4,100 | 4,100 | 4,100 | 12,027 | 49,310,700 | 38,929,150 | 159,610 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 26,000 | +500 | +1.96% | 26,000 | 26,000 | 26,000 | 3 | 78,000 | 2,472,053 | 64,273 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 1,125 | 3,431,250 | 12,823,224 | 39,111 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 493.47 | +0.90 | +0.18% | 482.67 | 493.47 | 482.67 | 15,982 | 86,593,950 | 5 | 675,715 |

**Index chart**




# Market Overview

As of 12:00 pm, 30th Aug. 2019

| MYANPIX | 493.47 ▲0.90 |
|---|---|
| Total Volume (shares) | 14,167 |
| Total Value (MMK) | 76 mil |
| Listed Company | 5 |
| Market Cap. (MMK) | 675,715 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲0 |
| MTSH | 00002 | 4,100 | ▲0 |
| MCB | 00003 | 8,400 | ▲0 |
| FPB | 00004 | 26,000 | ▲500 |
| TMH | 00005 | 3,050 | ▲0 |